# ဂန္ဓီ၊ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ

ဂန္ဓီ (၂၊ အောက်တိုဘာ ၁၈၆၉ - ၃၀၊ ဇန်နဝါရီ ၁၉၄၈) ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ၊ သစ္စာတရားနှင့်ယှဉ်သော ကျွန်ုပ်၏ စမ်းသပ်မှုဇာတ်လမ်းသည် အိန္ဒိယနိုင်ငံလွတ်လပ်ရေးအတွက် အားလုံးကို ကျော်ဖြတ်အနိုင်ယူခဲ့သူ၊ ကမ္ဘာ့နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လွတ်မြောက်ရေးတွင် စံပြအဖြစ် သင်္ကေတပြုခြင်းခံရသူ မဟာတ္တမဂန္ဓီ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည်။ ဂန္ဓီမွေးဖွားသည်မှ ၁၉၂၀ ပြည့်နှစ်အထိ ဘဝဇာတ်ကြောင်းများကို အတွေ့အကြုံနှင့်ယှဉ်၍ ဖော်ပြထားသည်။

စာအုပ်ပါ အကြောင်းအရာများသည် ၁၉၂၅ မှ ၁၉၂၈ အတွင်း ဂုဂျရတ်ပြည်နယ်၊ အာမီဒါဘက်ရှိမှ ထုတ်ဝေသော နဝဇီဝန် အပတ်စဉ် သတင်းစာတွင် ဖော်ပြခဲ့သော ဆောင်းပါးများ ဖြစ်သည်။ သူ၏ဘဝတစ်ခုလုံးစာအတွက် မဟုတ်သော်လည်း သူ တစ်သက်လုံး ကျင့်သုံးသွားခဲ့သော အတွေးအမြင်၊ ခံယူချက်နှင့် လုပ်ဆောင်ချက်များကို မိမိကိုယ်ကိုယ်လည်း အမွှမ်းတင်ရေးသားခြင်းမပြု၊ သူတစ်ပါးကိုလည်း အပြစ်တင်၊ နှိမ့်ချရေးသားခြင်းလည်း မရှိဘဲ အမှန်တရားကို အခြေခံကာ ရိုးသားပွင့်လင်းစွာ ဖော်ပြထားသည်။

စာအုပ်တွင် သန့်ရှင်းစင်ကြယ်မှုအတွက် အရာရာကိုစွန့်လွှတ်နိုင်ရန် ကြိုးပမ်းခြင်း၊ တရားမမျှတသောအခြေအနေများကို အကြမ်းမဖက် ရင်ဆိုင်အောင်ပွဲယူခြင်း၊ ခြေခြား မြေခြားရောက် အိန္ဒိယတိုင်းရင်းသားများ၏ အခွင့်အရေးများအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း၊ အင်္ဂလိပ်လက်အောက် ကျရောက်နေသော နိုင်ငံလွတ်လပ်ရေးအတွက် နိုင်ငံရေး နယ်ပယ်တွင် စတင်ဝင်ရောက်လာခြင်း၊ကြိုးပမ်းခြင်းတို့ကို ပုံဖော်ရေးသားထားသည်။

အထူးသဖြင့် သစ္စာတရားနှင့်ယှဉ်သော အတွေ့အကြုံ၊ သစ္စာဂြဟကို စာဖတ်သူတို့က ကျင့်သုံးရုံသာမက မိမိတို့ပတ်ဝန်းကျင်တွင် လက်ဆင့်ကမ်းသွားပေးရန် တိုက်တွန်းရေးသားထားသည်။